


# အခွင့်ကောင်းကိုလက်မလွှတ်စေနဲ့



အပြည်ပြည်ဆိုင်ရာ သီတဂူသာသနာပြုအဖွဲ့
အမှတ် (၁၀)၊ ပင်လုံလမ်း နှင့် ပါရမီလမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း
ရန်ကုန်မြို့


## သီတဂူ ရေအလှူတော်

အပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့ကို ၁၉၇၈ ခုနှစ်မှစတင်၍ တည်ထောင်ခဲ့ပါသည်။ သီတဂူ သာသနာပြုအဖွဲ့၏ သာသနာရေး လူမှုရေး ဆောင်ရွက်ချက်များမှာ စစ်ကိုင်းတောင်တန်းကြီး တစ်ခုလုံးရှိ ချောင်ပေါင်း (၁၀၀၀) ကျော် ရဟန်း၊ သာမဏေ၊ သီလရှင် (၁၀၀၀၀) ကျော်တို့အား သောက်သုံးရေများပေးဝေလှူဒါန်းခြင်းကို ဆောင်ရွက်ခဲ့ရာ ၁၉၈၀ ခုနှစ်တွင် ပြီးစီး အောင်မြင်ခဲ့ပြီးဖြစ်သည်။




## သီတဂူ အာယုဒါန ဆေးရုံတော်များ

ကုဋေ (၁၀၀) ဆန့် မျက်စိအထူးကု သီတဂူအာယုဒါနဆေးရုံတော်ကြီးကို တည်ဆောက်၍ ရဟန်း၊ သာမဏေ၊ သီလရှင် ယောဂီတို့အား ဘေသဇ္ဇဒါန၊ အာရောဂျဒါန၊ စက္ခုဒါန ပြုခဲ့ရာတွင်လည်း ၁၉၈၅ ခုနှစ်တွင် ပြီးစီးအောင်မြင်ခဲ့ရုံမက တိုးချဲ့မှု အဆင့်ဆင့်တို့ကိုလည်း ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။



ထို့အပြင် သီတဂူ အာယုဒါနဆေးရုံတော်၏ တိုးချဲ့လုပ်ငန်းများအဖြစ် သီတဂူ စက္ခုဒါနဆေးရုံတော်ကို ၂၀၀၈ ခုနှစ်တွင် သီပေါမြို့၌လည်းကောင်း၊



သီတဂူစက္ခုဒါန ဆေးရုံတော်ကို ၂၀၀၉ ခုနှစ်တွင် ကလေးမြို့၌လည်းကောင်း၊



သီတဂူဒီပင်္ကရာ စက္ခုဒါနဆေးရုံတော်ကို ၂၀၁၀ ခုနှစ်တွင် နတ်မောက်မြို့ ၌ လည်းကောင်း၊



သီတဂူမြဟ္ဘာယု အထွေထွေရောဂါကု ဆေးရုံတော်ကို တပေါင်း လဆန်း (၁၂) ရက် ၊ (၂၄ - ၂ - ၂၀၁၀) နေ့တွင် စစ်ကိုင်းခရိုင် ဆားတောင်ရွာဦးလည်းကောင်း ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။



ထို့အပြင် သီတဂူသာသနာပြုအဖွဲ့၏ လူမှုရေးဆောင်ရွက်ခြင်း အခြား လူမှုရေး ဆောင်ရွက်ချက်တို့ကို အကျဉ်းချုပ် ဖော်ပြရပါလျှင် မြန်မာနိုင်ငံတော် တစ်ဝှမ်းလုံးတွင် နိုင်ငံတော်အစိုးရ ဆေးရုံများသို့ ဆေးရုံးသုံးပစ္စည်းများ လှူဒါန်းခဲ့သည်မှာလည်း ဆေးရုံ ပေါင်း (၄၀) ကျော် ရှိသွားခဲ့ပြီးဖြစ်သည်။ အထူးသဖြင့် ရောဝတီဠ လှူဒါန်းခဲ့သည်မှာ ဆေးရုံပေါင်း (၁၂) ရုံသို့ ကျပ်သိန်းပေါင်း (၅၀၀) ခန့်ရှိသော ပစ္စည်းများကို လှူဒါန်းခဲ့ပြီး ဖြစ်သည်။








## ၂ သီတဂူ၏ နာဂစ်ဒဏ်သင့်ဒေသများသို့ကယ်ဆယ်ရေး နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ

**နာဂစ်မုန်တိုင်းသင့်ဒေသများ၌ အထက်တန်း အလယ်တန်းနှင့် မူလတန်းကျောင်းစုစုပေါင်း(၂၇)ကျောင်းကို သီတဂူမှ အသစ်ဆောက် လှူဒါန်းခဲ့ပြီးဖြစ်သည်။**



မုန်တိုင်းသင့်၍ ပြိုကျပျက်စီးသွားသောစေတီတော်ပေါင်း (၁၇၀) တို့ကို ပြုပြင် မွမ်းမံ၍ ရွှေထီးတော်အသစ်များတင်လှူ ပူဇော်ခဲ့ပြီးလည်းဖြစ်သည်။




သို့ဖြစ်ခြင်းကြောင့် သီတဂူ၏ ရောဝတီအလှူတော် ပမာဏမှာ (၈.၈) ဘီလီလျံ (ကျပ်ငွေသန်းပေါင်းရှစ် ထောင်) တို့ကို လှူဒါန်းခဲ့ပြီးဖြစ်သည်။

# သီတဂူဗုဒ္ဓတက္ကသိုလ်များ

ယခုအခါ သီတဂူသာသနာပြုအဖွဲ့၏ သီတဂူဗုဒ္ဓတက္ကသိုလ် Main Campus ဗဟိုတက္ကသိုလ်ကို စစ်ကိုင်းတောင်ရိုးတွင် ၁၉၉၆ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ရာ ဒီပလိုမာတန်းအောင်မြင်ပြီး ကျောင်းသားပေါင်း ၅၅၀ ကျော် B.A. တန်းအောင်မြင်ပြီး ကျောင်းသားပေါင်း (၄၀) ကျော်မျှ ရှိခဲ့ပြီး M.A.တန်းကို စတင်သင်ကြား ပို့ချ ပေးနေပြီဖြစ်သည်။




မန္တလေးမြို့ သံဃာတော်များအတွက် ချောမောလွယ်ကူစေရန် မန္တလေးမြို့သီတဂူဗုဒ္ဓတက္ကသိုလ် သင်တန်းများကို ၂၀၀၉ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား (၁၁၂) ယောက် တို့ဖြင့် ဒီပလိုမာသင်တန်းမှစ၍ သင်ကြား ပို့ချပေးနေပြီဖြစ်သည်။




ရန်ကုန်မြို့နှင့် အောက်မြန်မာနိုင်ငံ သံဃာတော်များအတွက် ချောမောလွယ်ကူစေရန် ရန်ကုန်မြို့ သီတဂူဗုဒ္ဓတက္ကသိုလ် သင်တန်းများကို အပြည်ပြည်ဆိုင်ရာ သီတဂူသာသနာပြု ဗိမာန်တော်တွင် ၂၀၀၇ ခုနှစ်မှ စတင် ဖွင့်လှစ် သင်ကြားနေခဲ့ရာ ယခုအခါ ဒီပလိုမာတန်း အောင်မြင်ပြီးကျောင်းသားပေါင်း (၃၅) ယောက်ရှိခဲ့ပြီး B.A. သင်တန်းကို ယခု လာမည့် ၂၀၁၀/၂၀၁၁ တက္ကသိုလ် စာသင်နှစ်မှ စတင်ပို့ချပေးမည်ဖြစ်သည်။




အပြည်ပြည်ဆိုင်ရာသာသနာပြုဗိမာန်တော်တွင် စာသင်ဆောင် (Lecture Hall) များ မရှိသေးသဖြင့် ကားထားသည့် (Car Parking) နေရာတွင် ကျောင်းသားများ ကျောင်းတက်ကြရပါသည်။ ထို့ကြောင့် ယခုအခါ ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း အမှတ် (၁၀) ပါရမီလမ်းနှင့် ပင်လုံလမ်း ဘေလီတံတားထိပ်၌ တည်ရှိသော အပြည်ပြည်ဆိုင်ရာ သီတဂူသာသနာပြုဗိမာန်တော်နှင့်တွဲလျက် ဗုဒ္ဓတက္ကသိုလ် စာသင်ကျောင်းဆောင်ကြီး (Lecture Hall) ကို စာသင်ခန်းခြောက်ခု ပါဝင်စေလျက် စတင် ဆောက်လုပ်နေပြီဖြစ်ပါသည်။





၁။ အထက်ဆုံးထပ်တွင် (Convocation Hall) နှင့် (Conference Hall) ကို တပေါင်းတည်း ပြုလုပ်ထားပါသည်။ ဘွဲ့နှင်းသဘင်များနှင့် အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာ အစည်းအဝေးပွဲများကို ကျင်းပနိုင်ရန်ရည်ရွယ်၍ Audio, Video System များ အပြည့်အစုံ တပ်ဆင်ပေးမည်ဖြစ်ပါသည်။ ထို ခန်းမဆောင်ကြီးကို မဟာသန္တိပါတခန်းမဆောင်ဟု အမည်ပြုထားပါသည်။




ကျပ်ငွေသိန်း (၃၀၀၀) ခန့် သုံးစွဲရမည်ဟု ခန့်မှန်း တွက်ချက်ထားပါသည်။ အလှူရှင် ရပြီးဖြစ်ပါသည်။ ဤ တတိယထပ်တွင်ပင် -


(က) အဓိပတိဆရာတော်ရုံးခန်း

(ခ) ပါမောက္ခချုပ်ဆရာတော်ရုံးခန်းနှင့်

(ဂ) မော်ကွန်းထိန်း ဆရာတော်ရုံးခန်းဟု အခန်း သုံးခန်း ပါရှိပါသည်။

တစ်ခန်း တစ်ခန်းလျှင် ကျပ်သိန်း (၂၅၀) စီဖြင့် လှူဒါန်းနိုင်ပါသည်။ အဓိပတိ ဆရာတော်ရုံးခန်းအတွက် အလှူရှင်ရပြီး ဖြစ်ပါသည်။






၂။ ပထမထပ်တွင် စာသင်ဆောင်ပေါင်း (Lecture Hall) ခြောက်ဆောင်ဖြင့် ဖွဲ့စည်းထားပါသည်။ ထို စာသင်ခန်းမကြီး ခြောက်ခုတို့ကို အောက်ဖော်ပြပါ အတိုင်း အသီးသီး အမည်ပြုထားပါသည်။

- ဇေတဝန်ခန်းမဆောင် - သာဝတ္ထိခန်းမဆောင်
- ဝေဠုဝန်ခန်းမဆောင် - ရာဇဂြိုဟ်ခန်းမဆောင်
- မိဂဒါဝန်ခန်းမဆောင် - ဗာရာဏသီခန်းမဆောင်ဟူ၍

အသီးသီး မြတ်ဗုဒ္ဓ၏ ကျောင်းတော်ရာနှင့် တည်ရှိရာ ဒေသတို့ကို ဂုဏ်ပြုပူဇော်သော အားဖြင့် အမည်များပေးထားပါသည်။ ခန်းမဆောင် တစ်ဆောင် တစ်ဆောင်လျှင် ကျပ် သိန်းငါးရာ ငါးရာစီဖြင့် (၅၀၀) လှူဒါန်း ပူဇော်နိုင်ကြပါသည်။

ထို့အပြင် ဤ အထပ်တွင်ပင် ပါမောက္ခဌာနမှူးရုံးခန်း (၃) ခန်းလည်း ပါရှိပါသေးသည်။ တစ်ခန်း တစ်ခန်းလျှင် ကျပ်ငွေသိန်း (၂၅၀) စီဖြင့် လှူဒါန်း ပူဇော်နိုင်ကြပါသည်။



၃။ မြေညီထပ်တွင် Dinning Hall ကို မဟာဘောဇနေသာလာဟူ၍ အမည်ပြုထားပါသည်။ ထို့အပြင် မြေညီထပ်တွင်ပင် Lecture Theatre ကို လုမ္ဗိနီခန်းမဆောင်ဟု အမည်ပြုထားပါသည်။ ကျပ်သိန်း (၁၀၀၀) စီဖြင့် လှူဒါန်းပူဇော်နိုင်ပါသည်။

သို့ဖြစ်ခြင်းကြောင့် အခွင့်ကောင်းကိုချောင်းနေကြသည့် အလှူရှင်အပေါင်းတို့အား မြန်မာ့သာသနာနှင့် ကမ္ဘာ့သာသနာမှာ လိုအပ်ချက်များကို ဖြည့်စွက်သောအားဖြင့် သမိုင်းသစ်၏ မှတ်တမ်းတစ်ခုကို အရယူကြပါမည့်အကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

## ဆက်သွယ်ရန်


အပြည်ပြည်ဆိုင်ရာ သီတဂူသာသနာပြုအဖွဲ့
အမှတ် (၁၀)၊ ပင်လုံလမ်း နှင့် ပါရမီလမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း
ရန်ကုန်မြို့

| | |
|---|---|
| ဒေါက်တာအဂ္ဂဓမ္မ (စီမံရေးတာဝန်ခံ) | ၀၉-၈၆၀-၁၈၅၉ |
| ဒေါက်တာပညာသီဟာလင်္ကာရ (ပညာရေးတာဝန်ခံ) | ၀၉-၈၅၅-၃၄၈၂ |
| ဦးဟန် (အတွင်းရေးမှူး - ၁) | ၀၉-၅၁၉-၉၉၉၀ |
| ဦးခင်မောင်ဝင်း (အတွင်းရေးမှူး - ၂) | ၀၉-၅၀၀-၇၅၆၀ |
| ဦးဝင်းအောင် (အတွင်းရေးမှူး - ၃) | ၀၉-၅၀၁-၇၄၉၃ |
| ဦးမြင့်အောင် (အတွင်းရေးမှူး - ၄) | ၀၉-၅၁၄-၇၉၉၃ |
| ဦးတင်အေး (တည်ဆောက်ရေးတာဝန်ခံ) | ၀၉-၅၁၃-၉၄၆၄ |
| ဦးကျော်ရှိန် (ရုံးအဖွဲ့မှူး) | ၀၁-၅၈၁၉၉၉ ၊ ၀၉-၈၅၅-၃၄၈၇ |

## သုံးထပ်စာသင်ကျောင်းဆောင် မတည်အလှူရှင်များ

| | | |
|---|---|---|
| ၁။ | ဒေါက်တာကျော်ခိုင် + ဒေါ်စိန်ငွေး မိုးကုတ်မြို့ | ကျပ်သိန်း (၁၀၀၀) |
| ၂။ | ဦးတင်ဦး + ဒေါ်လှမြင့် (ရွှေစင်ရတနာရွှေဆိုင်) ရန်ကုန်မြို့ | ကျပ်သိန်း (၁၀၀၀) |
| ၃။ | ဦးမြသန်း + ဒေါ်ယဉ်ထား (ရွှေကျိုးမင်းရွှေဆိုင်) ရန်ကုန်မြို့ | ကျပ်သိန်း (၁၀၀၀) |
| ၄။ | ဦးခင်ဦးအောင် + ဒေါ်မြင့်မြင့်အုန်း (အောင်ပြည်တန်ကုမ္ပဏီမိသားစု) | ကျပ်သိန်း (၁၀၀၀) |

## သီးခြားအမည်တပ်၍ လှူဒါန်းနိုင်သော ခန်းမဆောင်များ

### (တတိယထပ်)

မဟာသမယ မဟာသန္နိပါတ ဘွဲ့နှင်းသဘင်ခန်းမဆောင်

ကျပ်သိန်း (၃၀၀၀) အလှူရှင်ရပြီး

တစ်ခန်း တစ်ခန်းလျှင် ကျပ်သိန်း (၂၅၀)

| | | |
|---|---|---|
| ၁။ | အဓိပတိဆရာတော်ရုံးခန်း | (Chancellor's Office) |
| ၂။ | ပါမောက္ခချုပ်ဆရာတော်ရုံးခန်း | (Rector's Office) |
| ၃။ | မော်ကွန်းထိန်းဆရာတော်ရုံးခန်း | (Registrar's Office) |

### (ဒုတိယထပ်)

စာသင်ဆောင် (၆) ဆောင်၊ တစ်ဆောင်လျှင် ကျပ်သိန်း (၅၀၀)

| | | | |
|---|---|---|---|
| ၁။ သာဝတ္ထိခန်းမဆောင် | | ၂။ ဇေတဝန်ခန်းမဆောင် | |
| ၃။ ရာဇဂြိုဟ်ခန်းမဆောင် | | ၄။ ဝေဠုဝန်ခန်းမဆောင် | |
| ၅။ ဗာရာဏသီခန်းမဆောင် | | ၆။ မိဂဒါဝန်ခန်းမဆောင် | |

ပါမောက္ခဌာနမှူးရုံးခန်း (၃) ခန်း၊ တစ်ခန်းလျှင်

ကျပ်သိန်း (၂၅၀) စီဖြင့် လှူဒါန်းနိုင်ကြပါသည်။

### (မြေညီထပ်)

တစ်ဆောင်လျှင် ကျပ်သိန်း (၁၀၀၀)

| | | |
|---|---|---|
| ၁။ | ဘောဇနသာလာ | (Dinning Hall) |
| ၂။ | လုမ္ဗိနီသင်တန်း ခန်းမဆောင်ကြီး | (Lecture Theater) |